မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၄၃] ရန်ကုန်မြို့ { ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက် (၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်) } သောကြာနေ့ [အတွဲ ၇၈

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

[ ယခင်အပတ်မှ အဆက် ]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၅)**

**၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်**

**(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ က အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ပြည်သူ့ဝန်ထမ်းဆိုင်ရာ စွမ်းဆောင်မှုဂုဏ်ထူးဆောင်တံဆိပ်ဖြစ်သည့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ကို ချီးမြှင့်အပ်နှင်းလိုက်သည်–

၁၂၁၉၆။ ဒေါ်သင်းသင်းခိုင်၊ အလယ်တန်းပြ၊ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်

၁၂၁၉၇။ ဒေါ်ထားထားခိုင်၊ ဒုတိယအလယ်တန်းပြ၊ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်

၁၂၁၉၈။ ဒေါ်ထားထားအိ၊ ဒုတိယအလယ်တန်းပြ၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်

၁၂၁၉၉။ ဒေါ်ထားထားသိမ့်၊ ဒုတိယအလယ်တန်းပြ၊ အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်

၁၂၂၀၀။ ဦးတင်မိုး၊ အစောင့်၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်

၁၂၂၀၁။ ဒေါ်နန်းခမ်းစုယဉ်၊ အထက်တန်းကျောင်းအုပ်၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်

၁၂၂၀၂။ ဒေါ်မိုးသူဇာ၊ အထက်တန်းပြ၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်

၁၂၂၀၃။ ဒေါ်သန္တာအောင်၊ အကြီးတန်းစာရေး၊ အခြေခံပညာအထက်တန်းကျောင်း–ညောင်ပင်သာ၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်

၁၂၂၀၄။ ဒေါ်လေးသိမ့်သိမ့်၊ ဒုတိယမူလတန်းပြ၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) တပ်မတော်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်

၁၂၂၀၅။ ဒေါ်တိုးတိုး၊ မူလတန်းကျောင်းအုပ်၊ အခြေခံပညာမူလတန်း(လွန်)ကျောင်း-လေသာ(တောင်)၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်

၁၂၂၀၆။ ဒေါ်ယုယုသွယ်၊ မူလတန်းကျောင်းအုပ်၊ အခြေခံပညာမူလတန်း(လွန်)ကျောင်း-ကန်ဦး(အနောက်)၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်

၁၂၂၀၇။ ဒေါ်ကြည်ဝါ၊ မူလတန်းကျောင်းအုပ်၊ အခြေခံပညာမူလတန်းကျောင်း-မန်ကျည်းပင်ကွင်း၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်

၁၂၂၀၈။ ဒေါ်စန်းစန်းမော်၊ လုပ်သား(အထွေထွေ)၊ အခြေခံပညာမူလတန်းကျောင်း-တပ်ပိုး၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်

၁၂၂၀၉။ ဒေါ်ပွင့်ဖြေရယ်ဦး၊ လက်ထောက်ကြီးကြပ်ရေးမှူး၊ ဥတ္တရခရိုင်ပညာရေးမှူးရုံး၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်

၁၂၂၁၀။ ဒေါ်ငြိမ်းအေးစိုး၊ မူလတန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း-တောင်ညို၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်

၁၂၂၁၁။ ဒေါ်နွဲ့နွဲ့ရီ၊ ဒုတိယအလယ်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း-တောင်ညို၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်

၁၂၂၁၂။ ဦးလှမျိုး၊ အစောင့်၊ အခြေခံပညာအထက်တန်းကျောင်း-ငနီးစပ်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်

၁၂၂၁၃။ ဒေါ်နုနုဝင်း၊ ဒုတိယအလယ်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း-မင်းကုန်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်

၁၂၂၁၄။ ဒေါ်စန်းညိုဝင်း၊ ဒုတိယမူလတန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ရွှေနံ့သာ၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်

၁၂၂၁၅။ ဒေါ်မိုးစန္ဒာ၊ အလယ်တန်းပြ၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကွမ်းခြံစု၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်

၁၂၂၁၆။ ဒေါ်ခိုင်နွေဦး၊ ဒုတိယအလယ်တန်းပြ၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်

၁၂၂၁၇။ ဒေါ်တင်တင်ငွေး၊ အကြီးတန်းစာရေး၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်

၁၂၂၁၈။ ဒေါ်မြသက်ဝင်း၊ အထက်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း-ကင်းသာ၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်

၁၂၂၁၉။ ဒေါ်စန်းငွေး၊ အလယ်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း-MRTV၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်

၁၂၂၂၀။ ဒေါ်အေးအေးဝင်း၊ အလယ်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း-MRTV၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်

၁၂၂၂၁။ ဒေါ်နန်းခင်မြင့်အေး၊ မူလတန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း-MRTV၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်

၁၂၂၂၂။ ဒေါ်ချိုချိုလှိုင်၊ ဒုတိယအလယ်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း-MRTV၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်

၁၂၂၂၃။ ဒေါ်စန္ဒာသန်း၊ ဒုတိယအလယ်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း-ကပစ(၁)၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်

၁၂၂၂၄။ ဒေါ်သင်းသင်းယု၊ ဒုတိယအလယ်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ရွှေးစု၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်

၁၂၂၂၅။ ဒေါ်အေးအေးမော်၊ အထက်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ရောက်ကုန်း၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်

၁၂၂၂၆။ ဒေါ်သန်းသန်းမူ၊ မူလတန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တဲမြင့်၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်

၁၂၂၂၇။ ဒေါ်မြတ်မြတ်မိုး၊ မူလတန်းပြ၊ အခြေခံပညာအလယ်တန်းကျောင်း-နောင်သဒေါ်၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်

၁၂၂၂၈။ ဒေါ်ခင်စောသင်း၊ မူလတန်းကျောင်းအုပ်၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဘုရင့်နောင်၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်

၁၂၂၂၉။ ဒေါ်အေးအေးမြင့်၊ အလယ်တန်းပြ၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ပိန်းတော၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်

၁၂၂၃၀။ ဒေါ်မိုးစန္ဒာ၊ ဒုတိယအလယ်တန်းပြ၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ပိန်းတော၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်

၁၂၂၃၁။ ဦးမြင့်ရွှေ၊ ဒုတိယအလယ်တန်းပြ၊ အခြေခံပညာမူလတန်း(လွန်)ကျောင်း-ကျေးချောင်း၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်

၁၂၂၃၂။ ဒေါ်တင်နွယ်မြင့်၊ မူလတန်းပြ၊ အခြေခံပညာမူလတန်း(လွန်)ကျောင်း-ကံသာ(အရှေ့)၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်

၁၂၂၃၃။ ဦးမြဝင်း၊ လုပ်သား(အထွေထွေ)၊ အခြေခံပညာမူလတန်းကျောင်း-ကွမ်းတော၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်

၁၂၂၃၄။ ဦးကြည်ဝင်း၊ လုပ်သား(အထွေထွေ)၊ အခြေခံပညာမူလတန်းကျောင်း-နတ်မာ၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်

၁၂၂၃၅။ ဦးဝင်းမောင်၊ မူလတန်းပြ၊ အခြေခံပညာမူလတန်းကျောင်း-ကြောပင်အင်း၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်

၁၂၂၃၆။ ဦးနေဝင်း၊ မူလတန်းပြ၊ အခြေခံပညာမူလတန်းကျောင်း-အောင်ဇေယျ၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်

၁၂၃၇။ ဦးစံဝင်း၊ လုပ်သား(အထွေထွေ)၊ အခြေခံပညာမူလတန်းကျောင်း-ဆင်သေ၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်

၁၂၃၈။ ဒေါ်တင်နွယ်သိန်း၊ မူလတန်းပြ၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်

၁၂၃၉။ ဒေါ်မြင့်မြင့်ခိုင်၊ အထက်တန်းပြ၊ အမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်း၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်

၁၂၄၀။ ဒေါ်ခင်ဌေးဝင်း၊ အလယ်တန်းပြ၊ အမှတ်(၂၁)အခြေခံပညာအထက်တန်းကျောင်း၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်

၁၂၄၁။ ဦးတင်အောင်၊ အထက်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ရေပြာ၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်

၁၂၄၂။ ဒေါ်အက်စ်တောမ်ဘူ၊ ဒုတိယအလယ်တန်းပြ၊ အခြေခံပညာမူလတန်း(လွန်)ကျောင်း-အေးမြင့်သာယာ၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်

၁၂၄၃။ ဒေါ်တင်ဆန်း၊ မူလတန်းပြ၊ အခြေခံပညာမူလတန်းကျောင်း-ဘဲကုန်း၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်

၁၂၄၄။ ဦးဆန်းဦး၊ မူလတန်းကျောင်းအုပ်၊ အခြေခံပညာမူလတန်းကျောင်း-ဥယျာဉ်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်

၁၂၄၅။ ဒေါ်မိုးမိုးမြင့်၊ မူလတန်းပြ၊ အခြေခံပညာမူလတန်းကျောင်း-ဥယျာဉ်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်

၁၂၄၆။ ဦးကျော်မြင့်၊ လုပ်သား(အထွေထွေ)၊ အခြေခံပညာမူလတန်းကျောင်း-ဂုံမင်းကွင်း၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်

၁၂၄၇။ ဦးအေးသောင်၊ မူလတန်းကျောင်းအုပ်၊ အခြေခံပညာမူလတန်းကျောင်း-ကံသာ၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်

၁၂၄၈။ ဒေါ်စန္ဒာမိုး၊ မူလတန်းပြ၊ အခြေခံပညာမူလတန်းကျောင်း-ကံသာ၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်

၁၂၄၉။ ဦးသက်လွင်၊ လုပ်သား(အထွေထွေ)၊ အခြေခံပညာမူလတန်းကျောင်း-သင်းလိုင်း၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်

၁၂၅၀။ ဒေါ်တင်ထွေးရီ၊ ဒုတိယအလယ်တန်းပြ၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်

၁၂၅၁။ ဒေါ်စိုးစိုး၊ ဒုတိယအလယ်တန်းပြ၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်

၁၂၅၂။ ဒေါ်သူဇာလှိုင်၊ အထက်တန်းပြ၊ အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်း၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်

၁၂၅၃။ ဒေါ်ခင်မျိုးထွေး၊ ဒုတိယအလယ်တန်းပြ၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်

၁၂၅၄။ ဒေါ်ခင်မမ၊ ဒုတိယအလယ်တန်းပြ၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်

၁၂၅၅။ ဒေါ်စန်းဌေး၊ ဒုတိယမူလတန်းပြ၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်

၁၂၅၆။ ဒေါ်ခင်မာလွင်၊ အကြီးတန်းစာရေး၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်

၁၂၅၇။ ဒေါ်တင်တင်လတ်၊ အထက်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း-ရေဆင်း၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်

၁၂၅၈။ ဒေါ်ဖြူဥ၊ သန့်ရှင်းရေးအကူ၊ အခြေခံပညာအထက်တန်းကျောင်း-ရေဆင်း၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်

၁၂၅၉။ ဒေါ်မြတ်မျိုးနွယ်၊ ဒုတိယအလယ်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း-ပြည်စံအောင်၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်

၁၂၆၀။ ဦးဇော်ဝင်း၊ သန့်ရှင်းရေးအကူ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ခေတ်အေး၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်

၁၂၆၁။ ဒေါ်ကြူကြူခိုင်မာလာထွေး၊ ဒုတိယအလယ်တန်းပြ၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သစ်တပ်၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်

၁၂၆၂။ ဒေါ်တိုးတိုးလွင်၊ ဒုတိယအလယ်တန်းပြ၊ အခြေခံပညာမူလတန်း(လွန်)ကျောင်း-နန်းဩ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်

၁၂၆၃။ ဦးဇော်နိုင်ဦး၊ လုပ်သား(အထွေထွေ)၊ အခြေခံပညာမူလတန်း(လွန်)ကျောင်း-နန်းဩ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်

၁၂၆၄။ ဒေါ်စန္ဒာဝင်း၊ မူလတန်းပြ၊ အခြေခံပညာမူလတန်းကျောင်း-ခမရ(၃၀၅)၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်

၁၂၆၅။ ဦးတင်ဝင်း၊ လုပ်သား(အထွေထွေ)၊ အခြေခံပညာမူလတန်းကျောင်း-ချောင်းကမ်းကြီး၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်

[ ဆက်လက်ဖော်ပြပါမည်။ ]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး

**အမိန့်ကြော်ငြာစာအမှတ် (၁၀၆/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်)

### ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်း

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၄ အရ **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | အမြဲတမ်းအတွင်းဝန်<br>အမျိုးသားစီမံကိန်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | အမြဲတမ်းအတွင်းဝန်<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | အမြဲတမ်းအတွင်းဝန်<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | အမြဲတမ်းအတွင်းဝန်<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | အမြဲတမ်းအတွင်းဝန်<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၄) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(၁၅) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စိုက်ပျိုးရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(၁၆) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(၁၇) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ငါးလုပ်ငန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(၁၈) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သမဝါယမဦးစီးဌာန
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(၁၉) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(၂၀) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(၂၁) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

(၂၂) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

(၂၃) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(၂၄) မွေးမြူရေးပညာရှင် — အဖွဲ့ဝင်

(၂၅) အင်ဂျင်နီယာပညာရှင် — အဖွဲ့ဝင်

(၂၆) စိုက်ပျိုးရေးနှင့် ဖွံ့ဖြိုးရေးပညာရှင် — အဖွဲ့ဝင်

(၂၇) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(၂၈) ဒုတိယညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၇/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်)

**နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ ဖွဲ့စည်းခြင်း**

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံ၏ ကမ်းရိုးတန်းနှင့် ဒီရေတောကဏ္ဍဆိုင်ရာ စီမံအုပ်ချုပ်မှုလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် **နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ (Coastal Resources Management Central Committee–CRMCC)** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဝန်ကြီးချုပ်<br>တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (င) | ဝန်ကြီးချုပ်<br>ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (စ) | ဝန်ကြီးချုပ်<br>မွန်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဆ) | ဝန်ကြီးချုပ်<br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဇ) | ဝန်ကြီးချုပ်<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဈ) | ဝန်ကြီးချုပ်<br>ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ည) | ကာကွယ်ရေးဦးစီးချုပ် (ရေ) | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | အမြဲတမ်းအတွင်းဝန်<br>အမျိုးသားစီမံကိန်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | အမြဲတမ်းအတွင်းဝန်<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (တ) | အမြဲတမ်းအတွင်းဝန်<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | အမြဲတမ်းအတွင်းဝန်<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | အမြဲတမ်းအတွင်းဝန်<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဓ) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (န) | အမြဲတမ်းအတွင်းဝန်<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ပ) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဖ) | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး(၁) |
| (ဗ) | ညွှန်ကြားရေးမှူးချုပ်<br>ငါးလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး(၂) |

၂။ **နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) နိုင်ငံအဆင့် ကမ်းရိုးတန်းသယံဇာတဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းရန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကြီးကြပ်လမ်းညွှန်မှုပြုရန်၊

(ခ) နိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းသယံဇာတများနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်တစ်ခု တည်ထောင်ရန်အတွက် ကြီးကြပ်လမ်းညွှန်မှုပေးရန်၊

(ဂ) နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းဒေသ ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှုအစီအစဉ် (Integrated Coastal Resources Management Programme) တစ်ရပ် ရေးဆွဲချမှတ်ရန်နှင့် အဆိုပါ အစီအစဉ်အပေါ်တွင်အခြေခံ၍ ဒေသအလိုက်စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ရန်အတွက် ကြီးကြပ်လမ်းညွှန်မှုပေးရန်၊

(ဃ) နိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းဒေသရှိ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရန်အတွက် လက်ရှိသဘာဝနယ်မြေ (Protected Areas) များအား စနစ်တကျ ထိန်းသိမ်းကာကွယ်နိုင်ရန်တို့အတွက် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် သက်ဆိုင်ရာဌာနများအကြား ပူးပေါင်းဆောင်ရွက်ရေးအတွက် ကြီးကြပ်လမ်းညွှန်မှုပေးရန်၊

(င) ကမ်းရိုးတန်းနှင့် ပင်လယ်ပြင်ဧရိယာများ ဆက်စပ်လျက်ရှိသော ဒေသတွင်းနိုင်ငံများနှင့် ပင်လယ်ကမ်းရိုးတန်းဒေသရှိ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး၊ သုတေသနနှင့် နည်းပညာဖလှယ်ရေး လုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ကြီးကြပ်လမ်းညွှန်မှုပေးရန်၊

(စ) မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးထားသော အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ [Convention on Biological Diversity (CBD)၊ United Nations Framework Convention on Climate Change စသည်] နှင့် ကတိကဝတ်များ (Agenda 21) စသည်တို့ကို အကောင်အထည်ဖော်ရာတွင် ကမ်းရိုးတန်းဂေဟစနစ်များ ထိန်းသိမ်းကာကွယ်ခြင်းနှင့် စနစ်တကျ ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်ခြင်း လုပ်ငန်းများဖြင့် အထောက်အကူပြုနိုင်ရန်အတွက် သက်ဆိုင်ရာဌာနများ အချင်းချင်းအကြားတွင်

လည်းကောင်း၊ သက်ဆိုင်ရာဌာနများနှင့် အခြားအကျိုးဆက်စပ်ပတ်သက်သူများ (ပုဂ္ဂလိက၊ ဒေသခံပြည်သူ၊ လူမှုရေးအဖွဲ့အစည်းများ စသည်) အကြားတွင်လည်းကောင်း ပူးပေါင်းဆောင်ရွက်ရေး ကြီးကြပ်လမ်းညွှန်မှုပေးရန်၊

(ဆ) ပင်လယ်ကမ်းရိုးတန်းသယံဇာတဆိုင်ရာ သုတေသနစခန်းများထူထောင်ရန်နှင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံခန့်ခွဲမှုဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေး ပီပီပြင်ပြင်ဆောင်ရွက် နိုင်ရန်အတွက် ကြီးကြပ်လမ်းညွှန်မှုပေးရန်၊

(ဇ) နိုင်ငံ၏ ရေပိုင်နက်အတွင်း တရားမဝင် ဝင်ရောက်ငါးဖမ်းခြင်း၊ မသမာသည့်နည်းလမ်းများဖြင့် ငါးဖမ်းခြင်း (ဥပမာ ဖောက်ခွဲနည်းဖြင့် ငါးဖမ်းခြင်း၊ ပိတ်ပင်ထားသော ငါးဖမ်းကိရိယာများ အသုံးပြုခြင်း) ထိန်းသိမ်းကာကွယ်ထားသော ဧရိယာများအတွင်း ဝင်ရောက်ငါးဖမ်းခြင်း၊ ကမ်းရိုးတန်းနှင့် ပင်လယ်ပြင် အတွင်း အညစ်အကြေးများစွန့်ပစ်ခြင်းစသည်တို့မှ ကာကွယ်ရန်အတွက် ကမ်းရိုးတန်းသယံဇာတ ဆိုင်ရာ ဌာနအဆင့်ဆင့်၊ တပ်မတော်ရေ၊ ပုဂ္ဂလိကကဏ္ဍနှင့် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်သော အစီအစဉ်များ ချမှတ်ဆောင်ရွက်ရေးအတွက် ကြီးကြပ်လမ်းညွှန်မှုပေးရန်၊

(ဈ) ဤဗဟိုကော်မတီ၏ လုပ်ငန်းများအား အထောက်အကူပြုရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်အဆင့် ပင်လယ်ကမ်းရိုးတန်းဒေသ စီမံအုပ်ချုပ်လုပ်ကိုင်မှုကော်မတီများဖွဲ့စည်းရန်နှင့် ပညာရပ်ပိုင်း ဆိုင်ရာ ဆပ်ကော်မတီများ လိုအပ်သလို ထပ်မံဖွဲ့စည်းရန်၊

(ည) ပင်လယ်ကမ်းရိုးတန်းဒေသ သယံဇာတဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှု (Integrated Coastal Resources Management) လုပ်ငန်းများဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများထံမှ နည်းပညာနှင့် ရန်ပုံငွေအကူအညီရရှိရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရန်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၀၈/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်)

## ပြည်ပတွင်အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေးကော်မတီဖွဲ့စည်းခြင်း

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ပသို့ မြန်မာအလုပ်သမားများစေလွှတ်ခြင်း လုပ်ငန်းစဉ်တွင် လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာမှုဖြစ်စေရေးနှင့် ပြည်ပတွင် အလုပ်လုပ်ကိုင် နေသူများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ လိုအပ်သလိုပြန်လည် သုံးသပ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊ ကြီးကြပ်ခြင်းပြုနိုင်ရန် **ပြည်ပတွင်အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေး ကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး
အလုပ်သမားဝန်ကြီးဌာန — ဥက္ကဋ္ဌ

(ခ) ပြည်ထောင်စုဝန်ကြီး
နယ်စပ်ရေးရာဝန်ကြီးဌာနနှင့်
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ

(ဂ) ဒုတိယဝန်ကြီး
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဃ) ဒုတိယဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန — အဖွဲ့ဝင်

| | | |
|---|---|---|
| (င) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူးချုပ်<br>ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | ဒုတိယဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဓ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီသည် မိမိလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာ၌ မူဝါဒသဘောပါရှိသောကိစ္စရပ်များကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ သဘောတူညီချက် ရယူ၍ ဆောင်ရွက်ရမည်။

၃။ ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အလုပ်သမားဝန်ကြီးဌာနက ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေ၊ ယင်းဥပဒေအရ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့်အညီ ပြည်ပသို့ အလုပ်သမားများ ရွေးချယ်စေလွှတ်နေမှုများကို လိုအပ်သလို ပြန်လည်သုံးသပ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်း ပေးခြင်း၊ လမ်းညွှန်ခြင်း၊

(ခ) ပြည်ထဲရေးဝန်ကြီးဌာနက မြန်မာနိုင်ငံကူးလက်မှတ်အက်ဥပဒေ၊ ယင်းအက်ဥပဒေအရ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီရုံး၏ ညွှန်ကြားချက်များနှင့်အညီ ပြည်ပတွင် အလုပ်လုပ်ကိုင်နိုင်ရန် လုပ်ငန်းအထောက်အထား ပြုလျက် လျှောက်ထားသူများအား စိစစ်စေလွှတ်နေမှုများကို လိုအပ်သလို ပြန်လည်သုံးသပ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ လမ်းညွှန်ခြင်း၊

(ဂ) ပြည်ပတွင် အလုပ်လုပ်ကိုင်နေသူများထံမှ ဝင်ငွေခွန်ဥပဒေအရ သတ်မှတ်ထားသည့် နှုန်းထားများသည် သင့်မြတ်မှု ရှိ မရှိ စိစစ်ခြင်း၊ ဝင်ငွေခွန်များ မှန်ကန်စွာပေးသွင်းစေရန် လမ်းညွှန်ခြင်း၊ ဝင်ငွေခွန်များ အခက်အခဲမရှိစေဘဲ ပေးသွင်းနိုင်ကြစေရန် နည်းလမ်းများချမှတ်ပေးခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ နှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဃ) ပြည်ပတွင် အလုပ်လုပ်ကိုင်နေသူများထံမှ သတ်မှတ်ထားသည့် မိသားစုလွှဲပို့ငွေများ မှန်မှန်ကန်ကန် ပေးပို့မှု ရှိ မရှိ စိစစ်ခြင်း၊ မိသားစုလွှဲပို့ငွေများ အခက်အခဲမရှိဘဲပေးပို့နိုင်ကြစေရန် နည်းလမ်းများ ချမှတ်ပေးခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(င) ပြည်ပတွင် အလုပ်လုပ်ကိုင်နေသူများက မိမိတို့ရရှိသည့် နိုင်ငံခြားသုံးငွေများအနက်မှ စုဆောင်းရရှိ သည့်ငွေများကို မိမိတို့၏မိသားစုထံ တရားဝင်လွှဲပြောင်းပေးနိုင်ရေးအတွက် နည်းလမ်းများချမှတ် ပေးခြင်း၊

(စ) ပြည်ပတွင် အလုပ်လုပ်ကိုင်နေသူများက သတ်မှတ်ထားသည့်အတိုင်း မိသားစုလွှဲပို့ငွေအဖြစ်ပေးပို့ ခြင်း၊ မိမိတို့စုဆောင်းရရှိငွေများကို မိသားစုထံပြန်လည်ပေးပို့ခြင်းတို့တွင် မိမိတို့သဘောဆန္ဒအလျောက် တရားဝင်မှန်မှန်ကန်ကန်ပေးပို့စေရန် သင့်လျော်သောဆွဲဆောင်မှု (Incentive) များသတ်မှတ်ပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဆ) ပြည်ပတွင် အလုပ်လုပ်ကိုင်နေသူများကျန်းမာရေးစောင့်ရှောက်ခွင့်နှင့်ဆေးကုသခွင့်အပြည့်အဝရရှိနိုင်ရေး နည်းလမ်းများ ချမှတ်ပေးခြင်း၊ သက်ဆိုင်ရာလက်ခံနိုင်ငံနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ သက်ဆိုင်ရာဝန်ကြီး ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဇ) ပြည်ပတွင် အလုပ်လုပ်ကိုင်နေသူများ၏ သားသမီးများ ပညာသင်ကြားနိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဈ) ပြည်ပတွင် အလုပ်လုပ်ကိုင်ခြင်းနှင့်စပ်လျဉ်း၍ အလုပ်သမားများအား အထောက်အထားထုတ်ပေးရေး လုပ်ငန်းစဉ်တွင် ကောက်ခံရမည့် ငွေကြေးနှုန်းထားများကို သတ်မှတ်ခြင်း၊

(ည) အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးက အခါအားလျော်စွာ ပေးအပ်သောလုပ်ငန်းတာဝန် များကို ဆောင်ရွက်ခြင်း။

၄။ ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီသည် မိမိအား ပေးအပ်ထားသည့်လုပ်ငန်းတာဝန် များကို ထမ်းဆောင်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ရန်လိုအပ်သည့်ကိစ္စရပ်များကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးသို့ တင်ပြပြီး အဆုံးအဖြတ်ရယူ၍ ဆောင်ရွက်ရမည်။

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၉/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်)

**အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၆ အရ **အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ(၁) |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ(၂) |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်ထောင်စုဝန်ကြီး<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ပြည်ထောင်စုဝန်ကြီး<br>အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့်<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | မြို့တော်ဝန်<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |

(တ) မြို့တော်ဝန် — အဖွဲ့ဝင်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(ထ) မြို့တော်ဝန် — အဖွဲ့ဝင်
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

(ဒ) သက်ဆိုင်ရာဝန်ကြီး — အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး

(ဓ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(န) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်

(ပ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်

(ဖ) ကိုယ်စားလှယ် — အဖွဲ့ဝင်
အလုပ်သမားအဖွဲ့အစည်း

(ဗ) ဒုတိယဝန်ကြီး — အတွင်းရေးမှူး
အလုပ်သမားဝန်ကြီးဌာန

(ဘ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
အလုပ်သမားဝန်ကြီးဌာန

၂။ ၂၀၁၃ ခုနှစ်၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၇ အရ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့က အောက်ပါလုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ပေးရမည်–

(က) အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊

(ခ) အလုပ်လက်မဲ့များ နည်းပါးစေရန် ဆောင်ရွက်ခြင်း၊

(ဂ) အလုပ်သမားများ၏ စည်းကမ်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးရန် ဆောင်ရွက်ခြင်း၊

(ဃ) အလုပ်သမားများ၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း၊

(င) အလုပ်အကိုင်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့တို့ကို ဖွဲ့စည်းခြင်းနှင့် လမ်းညွှန်ခြင်း။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး

### အမိန့်ကြော်ငြာစာအမှတ် (၁၁၀/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်)

### အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (National Road Safety Council–NRSC) ဖွဲ့စည်းခြင်း

၁။ မြန်မာနိုင်ငံတော်အတွင်း ယာဉ်မတော်တဆထိခိုက်မှုအန္တရာယ်ကြောင့် ပြည်သူတို့၏ အသက်နှင့် လူမှုစီးပွားဘဝဆုံးရှုံးမှုများ၊ ဒဏ်ရာရမှုများ၊ ယာဉ်ကြောင့်ဖြစ်ပေါ်သော သဘာဝပတ်ဝန်းကျင်ထိခိုက်မှု

များနှင့် ယာဉ်ကြောပိတ်ဆို့မှုများ လျော့နည်းကျဆင်းလာစေရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အတွက် **အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (National Road Safety Council-NRSC)** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာနနှင့်<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (ဋ) | ဝန်ကြီးချုပ်<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ (အားလုံး) | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | မြို့တော်ဝန်<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဏ) | မြို့တော်ဝန်<br>ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (တ) | မြို့တော်ဝန်<br>မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ထ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | ဒုတိယရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |

(ဓ) ဥက္ကဋ္ဌ
မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ
အသင်းချုပ် (UMFCCI) အဖွဲ့ဝင်

(န) ဥက္ကဋ္ဌ
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် အဖွဲ့ဝင်

(ပ) ဥက္ကဋ္ဌ
ရန်ကုန်တိုင်းဒေသကြီးပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး
ကြီးကြပ်မှုကော်မတီ (YRTC) အဖွဲ့ဝင်

(ဖ) ဥက္ကဋ္ဌ
မြန်မာနိုင်ငံကြက်ခြေနီအသင်း အဖွဲ့ဝင်

(ဗ) ညွှန်ကြားရေးမှူးချုပ်
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အတွင်းရေးမှူး

၂။ **အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (National Road Safety Council–NRSC)** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ မူဝါဒများချမှတ်ခြင်း၊

(ခ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်၍ ပြည်သူလူထုအား အသိပညာပေးမည့် နည်းလမ်းများ၊ လုပ်ငန်းစဉ်များ၊ အစီအမံများချမှတ်ကြီးကြပ်ခြင်း၊

(ဂ) အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းစီမံချက် အကောင်အထည်ဖော်နိုင်ရေး အတွက် ပါဝင်ဆောင်ရွက်ရမည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဃ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ငွေကြေးနှင့် လူ့စွမ်းအား အရင်းအမြစ်များ ရရှိစေရေးဆောင်ရွက်ခြင်း၊

(င) ရန်ပုံငွေလက်ခံရယူခြင်း၊ သုံးစွဲခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ကို ကြပ်မတ်ခြင်း၊

(စ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ၊ စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေနှင့် တွေ့ကြုံရသည့် အခက်အခဲများနှင့်ပတ်သက်၍ အစီရင်ခံတင်ပြလာမှုများကို စိစစ်ဆောင်ရွက်ခြင်း၊

(ဆ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်သည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ အတွက် အဟန့်အတားဖြစ်စေနိုင်ကြောင်း ပြည်သူတစ်ရပ်လုံးကသိရှိပြီး ပိုမိုလေးစားလိုက်နာစေရန် ဆောင်ရွက်ခြင်း၊

(ဇ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရန်ပုံငွေတစ်ရပ် ထူထောင်ခြင်း၊

(ဈ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းမှု တိုးတက်လာစေရေး လုပ်ငန်းစီမံကိန်းများကို သတ်မှတ် ကာလအတွင်း ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း ရှိ မရှိ စောင့်ကြည့် စစ်ဆေးခြင်းနှင့် လုပ်ငန်းစီမံကိန်းများအား ခေတ်ကာလနှင့်ကိုက်ညီစေရန် ပြင်ဆင်ဆောင်ရွက်ခြင်းကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ည) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းစီမံကိန်းများအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သည့် နည်းပညာဆိုင်ရာ အထောက်အပံ့များရရှိစေရေးဆောင်ရွက်ခြင်း၊

(ဋ) ဝန်ကြီးဌာနများကဆောင်ရွက်သည့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအစီအစဉ်များ၊ ဝန်ကြီးဌာနများနှင့် နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်သည့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအစီအစဉ်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းကွပ်ကဲခြင်း၊

(ဠ) မော်တော်ယာဉ်ကြောင့်ဖြစ်သော ပတ်ဝန်းကျင်ထိခိုက်မှုအား လျှော့နည်းကျဆင်းစေရေးနှင့် ယာဉ်ကြော ပိတ်ဆို့မှုလျှော့ချရေး စီမံဆောင်ရွက်ခြင်း၊

(ဍ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ပိုမိုတိုးတက်ကောင်းမွန်လာစေရေးနှင့်စပ်လျဉ်းသည့် စာတမ်းပြုစုခြင်း၊ ကွင်းဆင်းလေ့လာခြင်းနှင့် သုတေသနပြုခြင်းတို့အတွက် လိုအပ်သည့် မူဝါဒများ၊ အမိန့်၊ ညွှန်ကြားချက်များ ချမှတ်ဆောင်ရွက်ခြင်း၊

(ဎ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီများ၏ ရန်ပုံငွေသုံးစွဲမှုများအား ကြီးကြပ်ထိန်းသိမ်းခြင်း၊

(ဏ) ဘေးအန္တရာယ်ရှိသော ကုန်ပစ္စည်းများကို အန္တရာယ်ကင်းစွာသယ်ယူပို့ဆောင်နိုင်ရန် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(တ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အစီရင်ခံစာကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ နှစ်စဉ်အစီရင်ခံတင်ပြခြင်း။

၃။ ကောင်စီသည် လုပ်ငန်းများထိရောက်စွာဆောင်ရွက်နိုင်ရန် လိုအပ်သည့် ဆပ်ကော်မတီများကို ဖွဲ့စည်း ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး

**အမိန့်ကြော်ငြာစာအမှတ် (၁၁၁/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်)

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအတွက် **ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး<br>အမျိုးသားစီမံကိန်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဈ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | အမြဲတမ်းအတွင်းဝန်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | အမြဲတမ်းအတွင်းဝန်<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | အမြဲတမ်းအတွင်းဝန်<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဓ) | အမြဲတမ်းအတွင်းဝန်<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (န) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ပ) | အမြဲတမ်းအတွင်းဝန်<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဖ) | အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဗ) | အမြဲတမ်းအတွင်းဝန်<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဘ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (မ) | အမြဲတမ်းအတွင်းဝန်<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ယ) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ရ) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ရ) အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်

(လ) အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်

(ဝ) ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်(၁) ဦး — အဖွဲ့ဝင်

(သ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဟ) ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/မူဝါဒ) — တွဲဖက်အတွင်းရေးမှူး(၁)
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဠ) ဒုတိယညွှန်ကြားရေးမှူးချုပ် (ထိန်းချုပ်/ သယံဇာတ) — တွဲဖက်အတွင်းရေးမှူး(၂)
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

၂။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်းသတ်မှတ်လိုက်သည်-

(က) မြန်မာနိုင်ငံအမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒနှင့် မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အရည်အသွေးမြှင့်တင်ရေးအတွက် လိုအပ်သည့် အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒများကို ပြင်ဆင်ရေးဆွဲချမှတ်ခြင်း၊

(ဂ) ရာသီဥတုပြောင်းလဲမှု လျှော့ချတိုက်ဖျက်ရေး၊ ပြောင်းလဲလာသည့် ရာသီဥတုနှင့် လိုက်လျောညီထွေရှိစေရေးနှင့် ရာသီဥတုဒဏ်ခံနိုင်ရည်ရှိစေရေးတို့အတွက် လိုအပ်သည့်ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒများကို ပြင်ဆင်ရေးဆွဲချမှတ်ခြင်း၊

(ဃ) အမျိုးသားစဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာကိစ္စရပ်များကို ကဏ္ဍအလိုက် စနစ်တကျ ပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်သောမူဝါဒများ၊ အခြေခံမူများ၊ မဟာဗျူဟာများ၊ နှစ်တို၊ နှစ်ရှည် လုပ်ငန်းအစီအစဉ်များ ရေးဆွဲချမှတ်အကောင်အထည်ဖော်ရေးအတွက် ကြီးကြပ်လမ်းညွှန်ခြင်း၊

(င) ကဏ္ဍအလိုက် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးမှုစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းစနစ်ချမှတ်ဖော်ဆောင်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးလုပ်ငန်းစဉ်များကို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ ပေါင်းစပ်ညှိနှိုင်း၍ဖြစ်စေ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လမ်းညွှန်ချက်များ ချမှတ်ခြင်း၊

(စ) ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသည့် သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေသည့် သို့မဟုတ် ကာဗွန်ထုတ်လွှတ်မှုလျော့နည်းသည့် အစိမ်းရောင်စီးပွားရေးဆိုင်ရာ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ကဏ္ဍအလိုက် တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မဟာဗျူဟာမူဘောင်နှင့် လုပ်ငန်းအစီအစဉ်များ ရေးဆွဲချမှတ်ခြင်း၊ အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လမ်းညွှန်ချက်များ ချမှတ်ခြင်း၊

(ဆ) မြေအသုံးချမှုမှန်ကန်ရေး၊ သဘာဝသယံဇာတများ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး အစီအမံများချမှတ်နိုင်ရေးအတွက် ကြီးကြပ်ခြင်း၊

(ဇ) သဘာဝသယံဇာတအရင်းအမြစ်များထုတ်ယူရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးရေးနှင့် စဉ်ဆက်မပြတ် ရေရှည်အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် ကဏ္ဍအလိုက်နှင့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကြပ်မတ်ဆောင်ရွက်ရန် လမ်းညွှန်ခြင်း၊

(ဈ) ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး၊ ဇီဝလုံခြုံရေး၊ မျိုးရိုးဗီဇအရင်းအမြစ်များ စနစ်တကျ စီမံခန့်ခွဲရေးအတွက် သက်ဆိုင်ရာဌာနများမှ အစီအမံများ ချမှတ်ဆောင်ရွက်နိုင်ရန် ကြီးကြပ်လမ်းညွှန်ခြင်း၊

(ည) ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်စေပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အကူဖြစ်စေသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် တိုးမြှင့်ထုတ်လုပ်အသုံးချရေးနှင့် စွမ်းအင်ချွေတာရေးအတွက် အစီအမံများ ချမှတ်နိုင်ရန် ညှိနှိုင်းပေါင်းစပ်ခြင်း၊

(ဋ) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက်များ၊ စာရင်းဇယားများနှင့် ကိန်းဂဏန်းအချက်အလက်များ ထိန်းသိမ်းသည့်စနစ်တည်ထောင်နိုင်ရေးအတွက် လမ်းညွှန်ချက်များ ချမှတ်ခြင်း၊

(ဌ) ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး စံချိန်စံညွှန်းများ ရေးဆွဲထုတ်ပြန်နိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဍ) မြို့ပြဒေသ၊ ရပ်ရွာ၊ စက်မှုနယ်မြေနှင့် အထူးစီးပွားရေးဇုန်ဆိုင်ရာ ပတ်ဝန်းကျင်အရည်အသွေးကောင်းမွန်ရေးနှင့် ရေရှည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံခန့်ခွဲမှုဆိုင်ရာ လမ်းညွှန်ချက်များ ချမှတ်ခြင်း၊

(ဎ) စွန့်ပစ်ပစ္စည်း၊ အရည်နှင့် အခိုးအငွေ့များကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် စနစ်တကျထိန်းချုပ်နိုင်ရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများ ထိန်းသိမ်းကာကွယ်ရေးအတွက် မဟာဗျူဟာ၊ နှစ်တို/နှစ်ရှည်လုပ်ငန်းအစီအစဉ်များနှင့် လမ်းညွှန်ချက်များ ချမှတ်နိုင်ရေးအတွက် ကြီးကြပ်ခြင်း၊

(ဏ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူတို့ ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး၊ အသိအမြင်ပြန့်ပွားရေး၊ သုတေသန၊ ပညာပေးရေးနှင့် ပညာသင်ကြားရေး အစီအစဉ်များကို တိုးမြှင့်ဆောင်ရွက်နိုင်ရန် လမ်းညွှန်ခြင်း၊

(တ) ပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ်အခြေအနေတစ်ရပ်ပေါ်ပေါက်ကြောင်း သို့မဟုတ် ထိုသို့ ပေါ်ပေါက်နိုင်ကြောင်း သိရှိလျှင် ယင်းသို့ အခြေအနေတစ်ရပ်ပေါ်ပေါက်ကြောင်း ထုတ်ပြန်ကြေညာနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ချက်ချင်းတင်ပြခြင်းနှင့် လိုအပ်သည့်အစီအစဉ်များ ဆောင်ရွက်ရန် ကြီးကြပ်ခြင်း၊

(ထ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အငြင်းပွားမှုများ တစ်စုံတစ်ရာ ပေါ်ပေါက်လာခဲ့ပါက ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ညှိနှိုင်းဖြေရှင်းပေးခြင်း၊

(ဒ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာကိစ္စရပ်များကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကနှင့် ဒေသခံပြည်သူများအကြား ပူးပေါင်းဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဓ) မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် ပါဝင်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သက်ဆိုင်သော ရာသီဥတုပြောင်းလဲမှုဆိုင်ရာ၊ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ၊ စွန့်ပစ်ပစ္စည်းဆိုင်ရာ၊ အိုဇုန်းဆိုင်ရာ စသည့်အခြားသောကွန်ဗင်းရှင်းများ၊ ဒေသဆိုင်ရာ သဘောတူညီချက်များ၊ နိုင်ငံအချင်းချင်း သဘောတူစာချုပ်များအရ ကတိကဝတ်များ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ရန် လမ်းညွှန်ချက်များချမှတ်ခြင်း၊

(န) ပတ်ဝန်းကျင်ရေးရာနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာကိစ္စရပ်များတွင် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း၊

(ပ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရေးအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုရန်ပုံငွေတစ်ရပ် တည်ထောင်နိုင်ရန် လိုအပ်သည့် စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ ရေးဆွဲချမှတ်ရေးအတွက် လမ်းညွှန်ခြင်း၊

(ဖ) ပြည်တွင်းပြည်ပမှ အလှူငွေ၊ ထောက်ပံ့ငွေ၊ ပစ္စည်းများနှင့် နည်းပညာဆိုင်ရာ အကူအညီများ လက်ခံရရှိနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဗ) မြန်မာနိုင်ငံအမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မဟာဗျူဟာမူဘောင်၊ ပင်မလုပ်ငန်းအစီအစဉ်များနှင့် မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မဟာဗျူဟာ၊ ပင်မလုပ်ငန်းအစီအစဉ်များ၊ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာ၊ ပင်မလုပ်ငန်းအစီအစဉ်များ၊ အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု မူဝါဒမူဘောင်တို့အရ ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းကိစ္စရပ်များကို သက်ဆိုင်ရာဌာန၏ နှစ်တို/နှစ်ရှည် လုပ်ငန်းစီမံကိန်းရည်မှန်းချက်များနှင့် ဘဏ္ဍာရေးလျာထားချက်များတွင် ထည့်သွင်းရေးဆွဲအကောင်အထည်ဖော်နိုင်ရန် ညွှန်ကြားခြင်းနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကနှင့် ဒေသခံပြည်သူများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊

(ဘ) လိုအပ်သည့်ဗဟိုအဆင့် လုပ်ငန်းကော်မတီများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ကြီးကြပ်မှုကော်မတီများ၊ အထူးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(မ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာတာဝန်များကို ဆောင်ရွက်ခြင်း။

၃။　ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၄ အရ ဖွဲ့စည်းသည့် ကော်မတီအဖြစ် မှတ်ယူရမည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီသည် အထက်အပိုဒ် (၂) ပါ တာဝန်ဝတ္တရားများအပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၆ နှင့် ပုဒ်မ ၄၂ (ခ) ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၁၂/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်)

## အမျိုးသားအဆင့် ဘူမိဥယျာဉ်ဆိုင်ရာ ကော်မတီဖွဲ့စည်းခြင်း

၁။　အမျိုးသားအဆင့် ဘူမိဥယျာဉ် (Geopark) များ စနစ်တကျသတ်မှတ်တည်ထောင်ရာတွင် မူဝါဒဆိုင်ရာလုပ်ငန်းများနှင့် လိုအပ်သည့် လမ်းညွှန်ကြီးကြပ်ညှိနှိုင်းမှုများပြုလုပ်နိုင်ရန် **အမျိုးသားအဆင့် ဘူမိဥယျာဉ်ဆိုင်ရာကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဆ) အတွင်းရေးမှူးချုပ် — အဖွဲ့ဝင်
မြန်မာနိုင်ငံယူနက်စကိုအမျိုးသားကော်မရှင်

(ဇ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း

(ဈ) အမြဲတမ်းအတွင်းဝန် — အတွင်းရေးမှူး
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး(၁)
သစ်တောဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး(၂)
ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

၂။ အမျိုးသားအဆင့် ဘူမိဥယျာဉ်ဆိုင်ရာကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဘူမိဥယျာဉ်ဆိုင်ရာလုပ်ငန်းကော်မတီအား ဖွဲ့စည်းခြင်း၊

(ခ) ဘူမိဥယျာဉ်ဆိုင်ရာလုပ်ငန်းကော်မတီအား ကြီးကြပ်လမ်းညွှန်ခြင်း၊

(ဂ) ကမ္ဘာ့အဆင့်နှင့် အမျိုးသားအဆင့် ဘူမိဥယျာဉ်တို့ သတ်မှတ်ရေးအား ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဃ) ကမ္ဘာ့အဆင့်နှင့် အမျိုးသားအဆင့် ဘူမိဥယျာဉ်တို့ သတ်မှတ်ရေးဆောင်ရွက်နေမှုအား အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးသို့ တင်ပြခြင်း၊

(င) ကမ္ဘာ့အဆင့်နှင့် အမျိုးသားအဆင့် ဘူမိဥယျာဉ် စီမံအုပ်ချုပ်မှုအား ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(စ) အမျိုးသားအဆင့် ဘူမိဥယျာဉ်ဆိုင်ရာကော်မတီအစည်းအဝေးကို ပုံမှန် (၁) နှစ်လျှင် (၂) ကြိမ်ခေါ်ယူ ကျင်းပခြင်း၊ လိုအပ်ပါက ကြားဖြတ်အစည်းအဝေးကို ခေါ်ယူကျင်းပခြင်း၊

(ဆ) ကော်မတီအစည်းအဝေးရလဒ်များကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးသို့ တင်ပြခြင်း၊

(ဇ) ကော်မတီအစည်းအဝေးလမ်းညွှန်ချက်၊ ဆုံးဖြတ်ချက်များကို ဘူမိဥယျာဉ်ဆိုင်ရာ လုပ်ငန်းကော်မတီသို့ ပေးပို့ခြင်း။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၃/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်)

**အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး အမျိုးသားကော်မတီ ဖွဲ့စည်းခြင်း**

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အဓမ္မခိုင်းစေမှုပပျောက်ရေး အကောင်အထည်ဖော် ဆောင်ရွက်ရန် သက်ဆိုင်သည့်ဌာနများနှင့်ပူးပေါင်းဆောင်ရွက်မည့် **အမျိုးသားအဆင့်အဓမ္မခိုင်းစေမှု**

**ဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေးအမျိုးသားကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | ပူးတွဲဥက္ကဋ္ဌ |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>ကာကွယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူးချုပ်<br>ငါးလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူးချုပ်<br>ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ညွှန်ကြားရေးမှူးချုပ်<br>သတ္တုတွင်းဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| ( ဒ ) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဓ ) | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဖူလုံရေးအဖွဲ့<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( န ) | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ပ ) | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဖ ) | ကိုယ်စားလှယ်<br>စစ်ရေးချုပ်ရုံး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဗ ) | ကိုယ်စားလှယ်<br>စစ်ဥပဒေချုပ်ရုံး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဘ) | တပ်ဖွဲ့မှူး<br>လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( မ ) | ကိုယ်စားလှယ်<br>မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် | အဖွဲ့ဝင် |
| (ယ) | တွဲဖက်အထွေထွေအတွင်းရေးမှူး<br>ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| ( ရ ) | ကိုယ်စားလှယ်<br>အလုပ်သမားအဖွဲ့အစည်း | အဖွဲ့ဝင် |
| (လ) | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန | အတွင်းရေးမှူး |
| ( ဝ ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>အလုပ်သမားဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အဓမ္မခိုင်းစေမှုပပျောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မူဝါဒချမှတ်ခြင်းနှင့် လိုအပ်ပါက အမိန့်ကြော်ငြာစာများထုတ်ပြန်ခြင်း၊

( ခ ) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်ခြင်း၊

( ဂ ) သက်ဆိုင်ရာဝန်ကြီးဌာနများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ကျိုက်မရောမြို့၊ အထရံရပ်ကွက်၊ ကွင်းအမှတ်နှင့် အမည် (၅၈၅-ခ/ ဘိန်းဖျောကုလားကုန်းကွင်း)၊ ဦးပိုင်အမှတ် (၅၀/၂၊ ၅၂/၂) ရှိ **မိုးကုတ်ကျောင်းသစ်ကျောင်း** အခွန်လွတ်သာသနာ့ **မြေဧရိယာ ၀.၄၂ ဧက** အနက်မှ **၀.၀၅ ဧက** အား ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများနည်းဥပဒေ ၅၂ နှင့်အညီ ဦးသူရစိုး [၁၀/ ကမရ (နိုင်) ၀၅၇၅၃၆] အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၈၃၉/၂၀၂၅)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့၊ ဥဿာမြို့သစ်အမှတ် (၅) ရပ်ကွက်၊ မြေတိုင်းအမှတ် (၁၅^A)၊ မြေကွက်အမှတ် (သီးသန့် A) ရှိ **မြေဧရိယာ ၂.၈၇၀ ဧက** အား **ပဲခူးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထဲရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၈၄၀/၂၀၂၅)

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်၊ ရွှေပြည်သာရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၇၄/ ရွှေပြည်သာ)၊ မြေကွက်အမှတ် (၁၆/ ၆၃) ရှိ မြေဧရိယာ ၀.၁၂၁ ဧက နှင့် မြေကွက်အမှတ် (၁၇/ ၆၆)ရှိ မြေဧရိယာ ၀.၁၀၈ ဧက **စုစုပေါင်းမြေဧရိယာ ၀.၂၂၉ ဧက** အား **ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ကော့သောင်းခရိုင်ရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၈၄၃/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်)

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်ခရိုင်၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို (၂) ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၂ ဂျီ)၊ မြေကွက်အမှတ် (၄၃၈-ပီ ၁/ ၁၅ အေ) ရှိ မြေဧရိယာ ၀.၅၁၁ ဧက၊ မြေကွက်အမှတ် (၄၃၈-ပီ ၁/၁၅ ဘီ) ရှိ မြေဧရိယာ ၀.၆၁၁ ဧကနှင့် မြေကွက်အမှတ် (၄၃၈-ပီ ၁/ ၁၆) ရှိ မြေဧရိယာ ၁.၄၁၈ ဧက **စုစုပေါင်းမြေဧရိယာ ၂.၅၄ ဧက** အား **ကမာရွတ်ခရိုင်တရားရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထောင်စုတရားလွှတ်တော်ချုပ်** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထောင်စုတရားလွှတ်တော်ချုပ်** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၉၀၆/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်၊ ကတ္တလူကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၅.OSS/ကတ္တလူကြေးတိုင်ပြင်ကွင်း)၊ ဦးပိုင်အမှတ် (၄၃၁/၁၊ ၄၃၂/၁) ရှိ **မြေဧရိယာ ၄၅.၀၀ ဧက** အား **ပုစွန်မွေးမြူရေးလုပ်ငန်းအတွက် လိုအပ်သောရေသိုလှောင်ကန်တည်ဆောက်ရန်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၅,၄၀၀,၀၀၀/- နှုန်းဖြင့် ဦးအောင်လွင် [၁၂/ အလန (နိုင်) ၀၃၃၈၇၉] သို့ အောက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၃၇ (က) အရ နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၉၀၇/၂၀၂၅)

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်၊ ကတ္တလူကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၅.OSS/ ကတ္တလူကြေးတိုင်ပြင်ကွင်း)၊ ဦးပိုင်အမှတ် (၄၄၇) ရှိ **မြေဧရိယာ ၄၅.၆၀ ဧက** အား **ပုစွန်မွေးမြူရေး လုပ်ငန်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၅,၄၇၂,၀၀၀/- နှုန်းဖြင့် ဦးလှသန်း [၆/ မအရ (နိုင်) ០၅၇၃၀၃] သို့ အောက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၃၇ (က) အရ နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၉၀၈/၂၀၂၅)

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်၊ ကတ္တလူကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၅.OSS/ကတ္တလူကြေးတိုင်ပြင်ကွင်း)၊ ဦးပိုင်အမှတ် (၂၄၉/၂) ရှိ မြေဧရိယာ ၁၃.၆၁ ဧက၊ ဦးပိုင်အမှတ် (၂၇၈/၁) ရှိ မြေဧရိယာ ၁၃.၂၅ ဧက၊ ဦးပိုင်အမှတ် (၄၄၀) ရှိ မြေဧရိယာ ၂၀.၅၃ ဧက **စုစုပေါင်းမြေဧရိယာ ၄၇.၃၉ ဧက** အား **ပုစွန်မွေးမြူရေးလုပ်ငန်းအတွက် လိုအပ်သောရေသိုလှောင်ကန်တည်ဆောက်ရန်** မြေနေရာအဖြစ် အသုံးပြုရန် အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၅,၆၈၆,၈၀၀/- နှုန်းဖြင့် ဦးနိုင်နိုင်ဦး [၆/ မအရ (နိုင်) ၀၈၅၉၄၂] သို့ အောက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၃၇ (က) အရ နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၉၀၉/၂၀၂၅)

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့၊ မြို့မရပ်ကွက်၊ ကွင်းအမှတ်နှင့် အမည် (၃၇၃/ သရက်ချောင်းအေ)၊ မြေကွက်အမှတ် (1995) ရှိ **မြေဧရိယာ ၀.၁၃ ဧက** အား **သရက်ချောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၉၁၀/၂၀၂၅)

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့၊ အမှတ်(၄) ရပ်ကွက်၊ အကွက်အမှတ်/ အမည် (၁၆/ တောင်ပိုင်း)၊ ဦးပိုင်အမှတ် ( ၇/၅၄၈ ) ရှိ **မြေဧရိယာ ၀.၁၃၄ ဧက** အား **ဘဏ်လုပ်ငန်း** မြေနေရာ အဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၇၇,၉၄၀/- နှုန်းဖြင့် **မြန်မာ့ရွှေဆောင်ဘဏ်လီမိတက်** သို့ အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများနည်းဥပဒေ ၉ (က) အရ နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၉၁၁/၂၀၂၅)

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ရေကြည်မြို့နယ်၊ ဆပ်ကွင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် (၄၆၁-ဂ/ ကျီးဂရက်ကွင်း)၊ ဦးပိုင်အမှတ် (၆၄/၇) ရှိ **မြေဧရိယာ ၀.၆၆ ဧက** အား **သီးနှံသိုလှောင်ရုံ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၄၈၀,၀၀၅/- နှုန်းဖြင့် ဒေါ်သန်းသန်းဦး [၁၄/ရကန (နိုင်) ០၈၃၉၄၆] သို့ အောက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၃၇ (က) အရ နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၉၁၂/၂၀၂၅)

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ရေကြည်မြို့နယ်၊ သခွတ်ကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် (၈၆၇/ ကြာအင်းကွင်း)၊ ဦးပိုင်အမှတ် (၄၆/၃) ရှိ **မြေဧရိယာ ၀.၈၅ ဧက** အား **စက်သုံးဆီအရောင်းဆိုင်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၁၈၅,၄၅၃/- နှုန်းဖြင့် ဒေါ်သန်းသန်းဦး [၁၄/ရကန (နိုင်) ០၈၃၉၄၆] သို့ အောက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၃၇ (က) အရ နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၉၁၃/၂၀၂၅)

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်ရှိ ကွင်း/ အကွက်အမှတ်နှင့် အမည် (၆၆၅/ဇလုပ်)၊ ဦးပိုင်အမှတ် (၅၁/၂၊ ၅၂/၂) ရှိ **မြေဧရိယာ ၂.၆၉ ဧက** အား **စိုက်ပျိုးရေးထွက်ကုန်ပစ္စည်း ထိန်းသိမ်းခြင်းနှင့် သိုလှောင်ထုပ်ပိုးခြင်းလုပ်ငန်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၉၆၈,၄၀၀/- နှုန်းဖြင့် ဒေါ်စိုးနန္ဒာဦး [၁၂/လမန (နိုင်) ၁၃၅၈၅၇] **သီဟမင်းဆွေဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်** သို့ အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၁(ခ) အရ နှစ် (၃၀) စက်မှု/ စီးပွား မြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၉၁၄/၂၀၂၅)

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ရေကြည်မြို့နယ်၊ ဆပ်ကွင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် (၄၆၁-ဂ/ ကျီးဂရက်ကွင်း)၊ ဦးပိုင်အမှတ် (၆၄/၁၁) ရှိ **မြေဧရိယာ ၀.၇၀ ဧက** အား **သီးနှံသိုလှောင်ရုံ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၅၀၉,၀၉၆/- နှုန်းဖြင့် ဦးအောင်ကျော်ဆွေ [၁၄/ဟသတ (နိုင်) ၀၄၄၄၄၅] သို့ အောက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၃၇ (က) အရ နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၉၁၅/၂၀၂၅)

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ကြက်မျှားကျေးရွာအုပ်စုရှိ ကွင်းအမှတ်နှင့် အမည် (၁၀၉/ ကြက်မျှား)၊ ဦးပိုင်အမှတ် (၁၅၀/၁) ရှိ **မြေဧရိယာ ၁.၀၀ ဧက** အား **လယ်ယာသုံးပစ္စည်းအရောင်းဆိုင်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၁၂၀,၀၀၀/- နှုန်းဖြင့် ဦးဇော်စိုးမိုး [၉/စကတ (နိုင်) ၀၀၄၀၉၂] သို့ အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၆ (၁) အရ နှစ် (၃၀) စက်မှု/စီးပွား မြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၉၁၆/၂၀၂၅)

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ ကိုင်းတောစုကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် (၁၁၆၆ E/ ဘုရားကုန်း)၊ ဦးပိုင်အမှတ် (၄^က/ ၁) ရှိ **မြေဧရိယာ ၁.၁၆ ဧက** အား **ဆန်စက်နှင့် ဆန်စပါး သိုလှောင်ရုံ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၅၅၆,၈၀၀/- နှုန်းဖြင့် ဦးစည်သူအောင် [၇/လပတ (နိုင်) ၁၄၈၁၉၈] သို့ အောက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၃၇ (က) အရ နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၉၁၇/၂၀၂၅)

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်ရှိ ကွင်း/ အကွက်အမှတ်နှင့် အမည် (၆၆၅/ဇလုပ်)၊ ဦးပိုင်အမှတ် (၅၃/၂) ရှိ **မြေဧရိယာ ၀.၃၄ ဧက** အား **စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းထိန်းသိမ်း ခြင်းနှင့် သိုလှောင်ထုပ်ပိုးခြင်းလုပ်ငန်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **၁၂၂,၄၀၀/-** နှုန်းဖြင့် ဒေါ်စိုးနန္ဒာဦး [၁၂/လမန (နိုင်) ၁၃၅၈၅၇] **သီဟမင်းဆွေဆောက်လုပ်ရေးကုမ္ပဏီ လီမိတက်** သို့ အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၁ (ခ) အရ နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၉၁၈/၂၀၂၅)

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားခရိုင်၊ ပျဉ်းမနားမြို့နယ်၊ ကျီးအင်းကျေးရွာအုပ်စု၊ ကွင်း/ အကွက်အမှတ်နှင့် အမည် (၁၆၉၈/ ကြို့ပင်ကွင်း)၊ ဦးပိုင်အမှတ် (၆၃^ခ+၆၄/ ၂+၆၆) ရှိ **မြေဧရိယာ ၆.၈၆ ဧက** အား **ငါးမွေးကန်နှင့် ဘက်စုံမွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၂,၀၅၈,၀၀၀/- နှုန်းဖြင့် ဒေါ်သန်းတင့် [၉/ပမန (နိုင်) ၀၀၉၆၂၅] သို့ အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၈ (၁) အရ နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၉၁၉/၂၀၂၅)

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ညောင်တုန်းမြို့နယ်၊ ကျုံတမာကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် (၄၄၆/ လမိုင်းကွင်း)၊ ဦးပိုင်အမှတ် (၉၆/၁၄) ရှိ **မြေဧရိယာ ၀.၆၇ ဧက** အား **နို့စားနွားမွေးမြူရေးခြံနှင့်**

**နို့ပေါင်းစက်ရုံ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၂၄၁,၂၀၀ိ/- နှုန်းဖြင့် ဦးမြတ်သိန်းထွန်း [၁၄/ဝခမ (နိုင်) ၁၃၈၀၉၁] သို့ အောက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၃၇ (က) အရ နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၉၂၀/၂၀၂၅)

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာကျေးရွာအုပ်စု၊ ကွင်း/ အကွက်အမှတ်နှင့် အမည် (၆၅၄-က/အောင်ချမ်းသာတောင်)၊ ဦးပိုင်အမှတ် (၂၃) ရှိ **မြေဧရိယာ ၄.၀၀ ဧက** အား **ကော်ဖီစေ့ရောင်းဝယ်ရေးအရောင်းပြခန်းနှင့် ပစ္စည်းသိုလှောင်ရန်ဂိုဒေါင်ဆောက်လုပ်ရန်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၁,၉၂၀,၀၀၀ိ/- နှုန်းဖြင့် ဦးထွန်းထွန်းအောင် [၉/မရမ (နိုင်) ၀၅၄၀၉၈] သို့ အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၆ (၁) အရ နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ(၉၂၁/၂၀၂၅)

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်၊ မအိုင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၂၃၃/ ပထော်ကွင်း)၊ ဦးပိုင်အမှတ် (၁/၂) ရှိ **မြေဧရိယာ ၄.၉၅ ဧက** အား မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ခရိုင်အမှုတွဲအမှတ် ၁၂၂/၂၀၀၅-၂၀၀၆ (မြိတ်) ဖြင့် အဆောက်အဦဆောက်လုပ်ရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၁၄,၈၅ဝိ/- နှုန်းဖြင့် ပြည့်ဖြိုးထွန်းကုမ္ပဏီသို့ အောက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၃၇ (က) အရ ၂၀၀၆ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့မှ ၂၀၃၆ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့အထိ နှစ် (၃၀) မြေငှားဂရန်ထုတ်ပေးခွင့်ပြုခဲ့ခြင်း **အစား** မူလဂရန်သက်တမ်းအတိုင်း တစ်နှစ်လျှင် မြေငှားရမ်းခ ၂,၉၇၀,၀၀၀ိ/- နှုန်းဖြင့် **ငါးအမှုန့်ကြိတ်စက်ရုံ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် ဦးလှသန်း [၆/မအရ (နိုင်) ၀၅၇၃၀၃] သို့ စက်မှု/ စီးပွားမြေငှားဂရန် ပြောင်းလဲပြင်ဆင်ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၉၂၂/၂၀၂၅)

## မတရားအသင်းအဖြစ်ကြေညာခြင်း

၁။ နိုင်ငံတော်ယာယီသမ္မတသည် ကရင်အမျိုးသားအစည်းအရုံး (Kayin National Union–KNU) နှင့် အဖွဲ့ဝင်များ၊ ယင်းအဖွဲ့က ဖွဲ့စည်းထားသော အဖွဲ့အစည်းများ၊ အဖွဲ့အစည်းများနှင့်ဆက်နွှယ်သည့် ပုဂ္ဂိုလ်များ၏ ရည်ရွယ်ချက်နှင့် လုပ်ရပ်များမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တရားဥပဒေ စိုးမိုးရေးကိုလည်းကောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုလည်းကောင်း၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးကိုလည်းကောင်း အနှောင့်အယှက်အန္တရာယ်ဖြစ်စေသည်ဟု ယုံကြည်ယူဆသည်။

၂။ သို့ဖြစ်ပါ၍ နိုင်ငံတော်ယာယီသမ္မတသည် မတရားအသင်းများအက်ဥပဒေပုဒ်မ ၁၆ အရ အထက် ဖော်ပြပါအဖွဲ့၊ ယင်းအဖွဲ့က ဖွဲ့စည်းထားသော အဖွဲ့အစည်းများကို မတရားအသင်းများ အက်ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ (၂) ပါ အဓိပ္ပာယ်ဖော်ပြချက်များနှင့်အညီ မတရားအသင်းအဖြစ် ကြေညာလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၁၂၄/၂၀၂၅)

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်)

## တရားမဝင်ထုတ်ဝေစာဖြစ်ကြောင်း ထုတ်ပြန်ကြေညာခြင်း

စာရေးသူ **ဖူးငုံခင်** ရေးသားသည့် **တစ်ဖက်ကမ်းကငွေနက်နှင်းဆီ** စာအုပ်အား ပုံနှိပ်မှတ်တမ်း ဖော်ပြထားခြင်းမရှိဘဲ ထုတ်ဝေထားသည်ကိုတွေ့ရှိရပြီး ယင်းစာအုပ်ပါအကြောင်းအရာများသည် ၂၀၁၄ ခုနှစ်၊

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဂ) ပါ "ညစ်ညမ်းစာများကို ဖော်ပြခြင်း" စည်းကမ်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းတွေ့ရှိရသဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ ပုဒ်မ ၉ အရ အဆိုပါထုတ်ဝေစာအား တရားမဝင်ထုတ်ဝေစာဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

မောင်မောင်အုန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၄၄/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်)

## အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) ရှေးမူမပျက်ပြုပြင်ထိန်းသိမ်းရေးနှင့် ခင်းကျင်းရေးလုပ်ငန်းကော်မတီဖွဲ့စည်းခြင်း

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်စွဲပါ စာအမှတ်၊ ၇၀၈ (၁၂၂၉)/ ၁၄/ ကောင်စီရုံး ခွင့်ပြုချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်ရှိ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) အား နိုင်ငံတော်အကြီးအကဲ၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့ ခရီးစဉ်လမ်းညွှန် မှာကြားချက်နှင့်အညီ ရှေးမူမပျက်ပြုပြင်ထိန်းသိမ်းခြင်း၊ ပြသပစ္စည်းများအားသုတေသနပြုခြင်းနှင့် ခင်းကျင်း ပြသခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန် **အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) ရှေးမူမပျက်ပြုပြင်ထိန်းသိမ်းရေးနှင့် ခင်းကျင်းရေးလုပ်ငန်းကော်မတီ** ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ဝန်ကြီးချုပ်<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ) | ဒုတိယဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | လူမှုရေးရာဝန်ကြီး<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| ( င ) | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ကိုယ်စားလှယ်တစ်ဦး<br>စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ကိုယ်စားလှယ်တစ်ဦး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ကိုယ်စားလှယ်တစ်ဦး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ကိုယ်စားလှယ်တစ်ဦး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |

(ည) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်
အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန

(ဋ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံဗိသုကာကောင်စီ

(ဌ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

(ဍ) မန်နေးဂျင်းဒါရိုက်တာ အဖွဲ့ဝင်
အနော်မာကုမ္ပဏီလီမိတက်

(ဎ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
အမျိုးသားပြတိုက် (ရန်ကုန်)
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန

(ဏ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
ရန်ကုန်ဌာနခွဲ

(တ) မြို့တော်ဝန် အတွင်းရေးမှူး
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(ထ) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန

၂။ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) ရှေးမူမပျက်ပြုပြင်ထိန်းသိမ်းရေးနှင့် ခင်းကျင်းရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်–

(က) အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) ရှိ ဗိုလ်ချုပ်အောင်ဆန်းရုံးထိုင်သည့်နေရာအား မူလခင်းကျင်းထားရှိမှုအတိုင်းဖြစ်စေရေး ပြင်ဆင်ရန်၊

(ခ) အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) ရှိ သမိုင်းအထောက်အထားဓာတ်ပုံများအား ပုံစာအညွှန်းတပ်၍ ဖော်ပြရန်နှင့် သမိုင်းအထောက်အထားဓာတ်ပုံများအား ထပ်မံရှာဖွေပြုစု၍ ခင်းကျင်းပြသနိုင်ရေးဆောင်ရွက်ရန်၊

(ဂ) အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) အဆောက်အအုံသည် ရှေးဟောင်းသမိုင်းဝင်အဆောက်အအုံဖြစ်သည့်အတွက် ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ပြုပြင်ထိန်းသိမ်းမှုများကို မူလလက်ရာအတိုင်း စဉ်ဆက်မပြတ်ဆောင်ရွက်ရန်၊

(ဃ) အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) ရှိ ဓာတ်ပုံများနှင့် စာရွက်စာတမ်းအထောက်အထားများအား အညွှန်းဖော်ပြရာတွင် ရေးထုံးသတ်ပုံများအသုံးပြု၍ ကြည်လင်ပြတ်သားမှုရှိစေရေး၊ လွယ်ကူရှင်းလင်းစွာဖတ်ရှုနားလည်နိုင်စေရေးနှင့် မူလစာလုံးများအတိုင်း ကြည်လင်ပြတ်သားမှုရှိစေရေးဆောင်ရွက်ရန်၊

(င) အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) ရှိ ပါလီမန်နှင့်ကပ်လျက်ပြခန်းရှိ ခင်းကျင်းပြသထားသည့်ပစ္စည်းတို့သည် ပြကွက်နှင့်ဆက်စပ်မှုရှိစေရေးဆောင်ရွက်ရန်၊ (ဥပမာ– မြင်ကွန်းမင်းသားဓာတ်ပုံ)

(စ) ပါလီမန်နှင့်ကပ်လျက်ပြခန်းရှိ တံဆိပ်တော်များပြကွက်အား ပေါ်လွင်စေရေးနှင့် တံဆိပ်များရှင်းလင်းပီပြင်မှုရှိစေရေးတို့အတွက် ဘောင်မဲ့မှန်ဗီရို (Frameless Showcase) ဖြင့် ပြသရန်နှင့် ပြသထားသည့်ဓာတ်ပုံများအား ပြန်ကြားရေးဝန်ကြီးဌာနနှင့်ညှိနှိုင်း၍ AI ကဲ့သို့သော နည်းပညာများဖြင့် ပြန်လည်ပြင်ဆင်ပြသနိုင်ရေး ဆောင်ရွက်ရန်၊

(ဆ) အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) ၏ မဟာဗန္ဓုလလမ်းဘက်ခြမ်းရှိ ၁၈၈၉ ခုနှစ်က တည်ဆောက်ခဲ့သည့် ပင်မအဆောက်အအုံနိမ့်ကျနေခြင်းကို ပြန်လည်မြှင့်တင်နိုင်ရေးဆောင်ရွက်ရန်၊

(ဇ) အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) တွင် ပြသထားသည့် ဓာတ်ပုံများအားလုံး စာသားထည့်ရန်နှင့် ပြသသည့် အသုံးအဆောင်ပစ္စည်းများ၏ အမျိုးအစားအပါအဝင် ပိုမိုပြည့်စုံသော အချက်အလက်များဖော်ပြနိုင်ရေးဆောင်ရွက်ရန်၊ (ဥပမာ– နာရီ၊ ဖောင်တိန် စသည်ဖြင့်)

(ဈ) အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) ရှိ အဆောက်အဦ ၇ လုံးအနက် ၅ လုံး၏ အမိုးခုံး (Dome) များသည် ၁၉၃၀ ခုနှစ် ပဲခူးငလျင်ဒဏ်ကြောင့် ပြုတ်ကျပျက်စီးသွားသည့်အတွက် မူလပုံစံအတိုင်း ပြန်လည်တပ်ဆင်နိုင်ရေး ဆောင်ရွက်ရန်၊

(ည) ဦးရာဇတ်၏ တံဆိပ်တုံးလက်စွပ်ပါ စာသားအကြောင်းအရာကို သုတေသနပြုလုပ်ဖော်ပြရန်နှင့် ဦးရာဇတ်၏ ဈာပနထားရှိရာ အုတ်ဂူနေရာအား ထိန်းသိမ်းစောင့်ရှောက်ရန်၊

(ဋ) အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) တွင် ပြသထားသည့် ချက်လက်မှတ်စာအုပ်အား အသုံးပြုခဲ့သူ ပိုင်ရှင်အမည်ကို သုတေသနပြုလုပ်၍ ပြန်လည်ရှာဖွေဖော်ထုတ်ရန်၊

(ဌ) အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) ရှိ ခင်းကျင်းထားသည့် အောင်ဆန်း-အက်တလီဓာတ်ပုံနှင့် နု-အက်တလီဓာတ်ပုံများအောက်ခြေတွင် အမည်ပါအညွှန်းစာသားများ ထည့်သွင်းနိုင်ရေး ဆောင်ရွက်ရန်၊

(ဍ) အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) ရှိ တိုင်းကျိုးပြည်ပြုလွှတ်တော်တွင် ဥက္ကဋ္ဌ/နာယက တာဝန် ယူခဲ့သည့်ပုဂ္ဂိုလ်များ၏ အမည်ဓာတ်ပုံများကိုရှာဖွေ၍ ပြသသင့်ကပြသနိုင်ရေး ဆောင်ရွက်ရန်နှင့် လွှတ်တော်ဥက္ကဋ္ဌ ရုံးခန်း/ နားနေခန်း ပြန်လည်ရှာဖွေတင်ပြရန်၊

(ဎ) အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) ရှိ အရည်အသွေးမကောင်းသည့် ဓာတ်ပုံများကို AI စနစ်ဖြင့် ပြန်လည်ပြုပြင်ပြသရန်နှင့် မူလပစ္စည်းနှင့်ပုံစံများအတိုင်း မှတ်တမ်းများရှာဖွေထိန်းသိမ်းပြသနိုင်ရေး ဆောင်ရွက်ရန်၊

(ဏ) အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) ရှိ ဝန်ကြီးများရုံးထိုင်ခဲ့သည့် အခန်းများအား ပြန်လည်ရှာဖွေ၍ ထိုစဉ်က ပရိဘောဂအသုံးအဆောင်များအတိုင်းထားရှိပြီး အခန်းများတွင် ဝန်ကြီးအမည်များကိုပါ ရေးသားပြသနိုင်ရေးဆောင်ရွက်ရန်၊

(တ) အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) ပြုပြင်ထိန်းသိမ်းရေးကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးတို့မှ ကူညီဆောင်ရွက်ပေးရန်နှင့် ရှေးဟောင်း ပုံစံမပျက်စေရေး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ကူညီဆောင်ရွက်ရန်၊

(ထ) အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) ရှိ ပြည်သူ့လွှတ်တော်ကျိုင်းနှင့် မောင်းအား ပုံစံတူပြန်လုပ်ရန်နှင့် ဗိုလ်ချုပ်ဓာတ်ပုံအောက်တွင် ထိုခေတ်က နာရီပြန်လည်ထားရှိနိုင်ရေးဆောင်ရွက်ရန်၊

(ဒ) လွတ်လပ်ရေးရပြီးခါစ လွှတ်တော်ကျင်းပပုံနှင့်စပ်လျဉ်း၍ ထိုခေတ်တွင်မီခဲ့သည့် သတင်းစာဆရာကြီး များထံမေးမြန်း၍ ပြန်လည်တင်ပြရန်။

တင်ဦးလွင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၉၃/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)

### သက်ပြည့်ပင်စင် ခံစားခွင့်ပြုခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးမြင့်ဆွေ အား ၂၆-၁၀-၂၀၂၅ ရက်နေ့မှ ၂၅-၂-၂၀၂၆ ရက်နေ့အထိ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး အသက် (၆၂) နှစ်ပြည့်မည့် ၂၆-၂-၂၀၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့် ပင်စင် ခံစားခွင့်ပြုလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၃၀၀/၂၀၂၅)**
နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်)

**ရာထူးတိုးမြှင့် ခန့်ထားခြင်း**

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါက်တာ ခင်ရတနာငြိမ်း အား ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့တွင်ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၂/၂၀၂၅) ၏ သဘောတူညီချက်အရ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၌ လစ်လပ်လျက်ရှိသည့် ဦးစီးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ တာဝန်ဝတ္တရားများ အမှန်တကယ် စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

၂။ အဆိုပါအရာထမ်းအား နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင်ဖွင့်လှစ်သော အရာထမ်းအခြေခံသင်တန်းသို့ အစောဆုံးစေလွှတ်တက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်ဖြစ်သည်။

မင်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**(ပြည်ထောင်စုဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၇၆/၂၀၂၅)**
၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်စွဲပါ အမိန့်အမှတ် ၃၂/၂၀၂၅ ဖြင့် ဖွဲ့စည်းခဲ့သည့် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီတွင် အတွင်းရေးမှူးအဖြစ် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ပြင်ပပုဂ္ဂိုလ် ဦးအောင်ကျော်ထွန်း ကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၇၇/၂၀၂၅)**
၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်စွဲပါ အမိန့်အမှတ် ၃၂/၂၀၂၅ ဖြင့်ဖွဲ့စည်းခဲ့သည့် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ ကိုယ်စားလှယ် ဦးရဲမင်းအောင် ကို အဖွဲ့ဝင်အဖြစ် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

ချစ်ဆွေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပညာရေးဝန်ကြီးဌာန

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၃၄/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်)

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ မအူပင်တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာ ဝင်းဝင်းအိ အား အဆင့်မြင့်ပညာဦးစီးဌာန၊ မြိတ်တက္ကသိုလ်တွင် လစ်လပ်လျက်ရှိသော ဒုတိယပါမောက္ခချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ လစာနှုန်းတူပြောင်းရွှေ့ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၃၇/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်)

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ မန္တလေးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာ သုနန္ဒာ အား အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တွင် လစ်လပ်လျက်ရှိသော ဒုတိယပါမောက္ခချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ လစာနှုန်းတူပြောင်းရွှေ့ခန့်ထားလိုက်သည်။

ဒေါက်တာ ချောချောစိန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၀၇၈/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်စွဲပါ စာအမှတ်၊ ၁၀၅ (၁)/ ၈/ ကောင်စီရုံး (၂၀၂၅) အရ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ ရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| ၁။ | ဒေါက်တာ နန်းစိုးစိုးအောင်<br>ပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ် (လားရှိုး)<br>အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန | ပါမောက္ခချုပ်<br>Polytechnic University (လားရှိုး)<br>အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန |
| ၂။ | ဒေါက်တာ သန္တာသိန်း<br>ပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ် (မအူပင်)<br>အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန | ပါမောက္ခချုပ်<br>Polytechnic University (မအူပင်)<br>အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန |

| စဉ် | အမည်၊ ရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| ၃။ | ဒေါက်တာ သင်းသုနိုင်<br>ပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ် (ကျိုင်းတုံ)<br>အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန | ပါမောက္ခချုပ်<br>Polytechnic University (ကျိုင်းတုံ)<br>အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန |

ဒေါက်တာ မျိုးသိန်းကျော်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၆၃/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်)

၁။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ခရီးသွားမြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးဇော်မင်းနောင် [၇/ တငန (နိုင်) ၀၀၇၀၀၀] အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လခံစားခွင့်ကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ မတ်လ ၃ ရက်နေ့အထိ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။

၂။ ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ မတ်လ ၄ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

Jeng Phang နော်တောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ဆောက်လုပ်ရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၂၂၈/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင်း အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) ၏ လုပ်ငန်းတာဝန်များကို အောက်ခြေအထိ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဦးစီးဌာနအလိုက် အထောက်အကူပြုအဖွဲ့ငယ်များအဖြစ် အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

(က) **အဆောက်အဦဦးစီးဌာန**

| | | |
|---|---|---|
| (၁) | ဒေါ်နန်းမြစိန်ဝင်း<br>ဒုတိယညွှန်ကြားရေးမှူး (ဥပဒေ)<br>နိုင်ငံတကာဆက်ဆံရေးနှင့် ဥပဒေဌာနခွဲ | အဖွဲ့ခေါင်းဆောင် |
| (၂) | ဒေါ်တင်ဝါဝါ<br>လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)<br>စီမံကိန်းသတင်းအချက်အလက်နှင့် နည်းပညာဌာနခွဲ | အဖွဲ့ဝင် |
| (၃) | ဒေါ်သင်းသင်းစိုးလှိုင်<br>လက်ထောက်ညွှန်ကြားရေးမှူး (ရေသန့်)<br>ရေသန့်ဌာနခွဲ | အဖွဲ့ဝင် |

(၄) ဒေါ်သင်းသင်းထိုက် — အဖွဲ့ဝင်
ဦးစီးအရာရှိ (လျှပ်စစ်)
လျှပ်စစ်ဌာနခွဲ

(၅) ဒေါ်နွယ်ရည်မို — အဖွဲ့ဝင်
ဦးစီးအရာရှိ (ဗိသုကာ)
ဗိသုကာဌာနခွဲ

**( ခ ) လမ်းဦးစီးဌာန**

(၁) ဦးဟန်ဇော်တိုး — အဖွဲ့ခေါင်းဆောင်
ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)
သတင်းအချက်အလက်နှင့် နည်းပညာဌာနခွဲ

(၂) ဒေါ်သီတာဝင်း — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)
နိုင်ငံတကာဆက်ဆံရေးနှင့် ဥပဒေဌာနခွဲ

(၃) ဒေါ်မြတ်သူဇာ — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး (ဥပဒေ)
နိုင်ငံတကာဆက်ဆံရေးနှင့် ဥပဒေဌာနခွဲ

(၄) ဦးထွန်းအောင်ကျော် — အဖွဲ့ဝင်
ဦးစီးအရာရှိ (စက်မှု)
စက်မှုဌာနခွဲ

(၅) ဒေါ်ထက်ထက်ကိုနိုင် — အဖွဲ့ဝင်
ဦးစီးအရာရှိ (ဥပဒေ)
နိုင်ငံတကာဆက်ဆံရေးနှင့် ဥပဒေဌာနခွဲ

**( ဂ ) တံတားဦးစီးဌာန**

(၁) ဒေါ်သန်းအေး — အဖွဲ့ခေါင်းဆောင်
ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)
သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုဌာနခွဲ

(၂) ဦးမောင်မောင်အောင်စိုး — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး (စီမံ)
အုပ်ချုပ်မှုဌာနခွဲ

(၃) ဒေါ်အေးဆုမြတ်မော် — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး (ဥပဒေ)
နိုင်ငံတကာဆက်ဆံရေးနှင့် ဥပဒေဌာနခွဲ

(၄) ဦးအောင်နေလင်း — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး (စက်မှု)
အထောက်အကူပြုဌာနခွဲ (စက်မှု)

(၅) ဦးအာကာဖြိုးဝေ — အဖွဲ့ဝင်
ဦးစီးအရာရှိ (ဘဏ္ဍာရေး)
ငွေစာရင်းဌာနခွဲ

**(ဃ) မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

(၁) ဒေါ်ဝင်းဝင်းအေး — အဖွဲ့ခေါင်းဆောင်
ဒုတိယညွှန်ကြားရေးမှူး
စီမံရေးရာဌာနခွဲ

(၂) ဒေါ်လဲ့လဲ့လှိုင် အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ

(၃) ဦးဇေယျာထွန်း အဖွဲ့ဝင်
ဦးစီးအရာရှိ
မြေနှင့် အိမ်ရာဌာနခွဲ

(၄) ဒေါ်နှင်းဝေဝေလင်း အဖွဲ့ဝင်
ဦးစီးအရာရှိ
မြေနှင့် အိမ်ရာဌာနခွဲ

(၅) ဒေါ်နေခြည်လတ် အဖွဲ့ဝင်
ဦးစီးအရာရှိ
ဘဏ္ဍာရေးဌာနခွဲ

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင်း အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) အထောက်အကူပြုအဖွဲ့ငယ်များ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် နှစ်တို၊ နှစ်ရှည် စီမံချက် (Action Plan) များကို ရေးဆွဲအကောင်အထည်ဖော်ရန်၊

( ခ ) အဂတိလိုက်စားမှုဆက်လက်မဖြစ်ပေါ်စေရေးအတွက် တားမြစ်ထိန်းချုပ်ခြင်း၊ ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ သင်ကြားပို့ချခြင်း စသည်ဖြင့် အသိပညာပေးဖြန့်ဝေဆောင်ရွက်ရန်၊

( ဂ ) အဂတိလိုက်စားမှုဆိုင်ရာ ဆောင်ရွက်ချက်များကို ဝန်ကြီးဌာနတွင်း အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့သို့ ပြန်လည်တင်ပြရန်၊

(ဃ) ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် ဝန်ကြီးဌာနတွင်း အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့တို့မှ တာဝန်ပေးအပ်သည့် အခြားတာဝန်များကို ဆောင်ရွက်ရန်။

၃။ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၆၆/၂၀၂၄ ကို ဤအမိန့်ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်သည်။

မျိုးသန့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်)

### ဌာနလွှဲပြောင်းတာဝန်ထမ်းဆောင်ခြင်း

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃–ထ/၂) ၂၀၂၅ အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုလိုက်သည့် ကြည်း ၇၄၇၆၄ ဗိုလ်ကြီး ရန်နိုင်ထွန်း အား လုပ်ငန်းတာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀) ရာထူးဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် စတင်တာဝန်ထမ်းဆောင်စေလိုက်သည်။

သန်းသန်းဆွေ
ဥက္ကဋ္ဌ
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး
### (ကြည်းတပ်ဌာနစု)

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်)

အမှတ် ၁၈၁/၂၀၂၅။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၉၉) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

ဝင်းထွန်းနိုင် ကြည်း ၈၁၄၉၇

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်)

အမှတ် ၁၈၃/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်စွဲပါ စာအမှတ်၊ ၂/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူ ခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

ကျော်အောင် ကြည်း ၈၁၄၉၈

အမှတ် ၁၈၄/၂၀၂၅။ စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ တပ်မတော် စက်ရုံများမှ အောက်ဖော်ပြပါ အလုပ်ရုံစုမှူး/ရုံးအုပ် (အမှုထမ်း) များအား (၁၅၅) ကြိမ်မြောက် ကာကွယ်ရေး ဌာနကောင်စီ၏ အမှုဆောင်အဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုခဲ့ပြီး (၁၅၃) ကြိမ်မြောက် ကာကွယ်ရေး ဌာနကောင်စီအစည်းအဝေးမှလည်း အတည်ပြုပြီးဖြစ်ပါ၍ အမည်နှင့်ယှဉ်တွဲဖော်ပြပါ စက်ရုံများတွင် အလုပ်ရုံခွဲမှူး (အရာထမ်း) များအဖြစ် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည်–

| | | | |
|---|---|---|---|
| (၁) | အ/၈၂၃၆၃ | ဒေါ်ခင်ဌေးစမ်း | တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ (မိတ္ထီလာ) |
| (၂) | အ/၈၈၇၁၃ | ဒေါ်သန်းအေး | တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ (မိတ္ထီလာ) |
| (၃) | အ/၉၂၇၂၅ | ဒေါ်ဇင်မာလွင် | တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ (မိတ္ထီလာ) |
| (၄) | အ/၇၉၅၁၆ | ဦးဝင်းဇော်ဦး | တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ (သမိုင်း) |

| | | | |
|---|---|---|---|
| (၅) | အ/၈၆၂၃၉ | ဒေါ်ခင်ခင်လင်း | တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ (သမိုင်း) |
| (၆) | အ/၈၄၀၃၅ | ဒေါ်မြင့်မြင့်သိန်း | တပ်မတော်မိုးရေကာဖျင်စက်ရုံ (လှိုင်းတက်) |
| (၇) | အ/၈၆၉၄၇ | ဒေါ်အေးအေးရီ | တပ်မတော်မိုးရေကာဖျင်စက်ရုံ (လှိုင်းတက်) |
| (၈) | အ/၉၂၀၁၄ | ဦးမောင်မောင်မင်းထက် | တပ်မတော်မိုးရေကာဖျင်စက်ရုံ (လှိုင်းတက်) |
| (၉) | အ/၁၂၀၂၃၆ | ဒေါ်ဇာဇာစန်း | တပ်မတော်မိုးရေကာဖျင်စက်ရုံ (လှိုင်းတက်) |
| (၁၀) | အ/၇၈၀၀၃ | ဒေါ်ချိုချိုနိုင် | တပ်မတော်ဖိနပ်စက်ရုံ (လှိုင်းတက်) |
| (၁၁) | အ/၈၈၂၄၄ | ဦးလင်းထင်မောင် | တပ်မတော်သားရေစက်ရုံ |
| (၁၂) | အ/၁၀၅၃၇၉ | ဒေါ်သင်းသင်းနွယ် | တပ်မတော်သားရေစက်ရုံ |
| (၁၃) | အ/၁၀၅၃၈၈ | ဒေါ်ချောစုဝင်း | တပ်မတော်သားရေစက်ရုံ |
| (၁၄) | အ/၈၉၂၀၆ | ဒေါ်တင်မာဝေ | တပ်မတော်သဘော်ဆေးစက်ရုံ |
| (၁၅) | အ/၉၂၀၃၇ | ဒေါ်မိဖြူ | တပ်မတော်သဘော်ဆေးစက်ရုံ |

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်)

အမှတ် ၁၈၆/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်စွဲပါ စာအမှတ်၊ ၂/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ သဘာပတိ၏ သဘောတူ ခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

| | | | |
|---|---|---|---|
| (၁) | ဌေးလွင် | ကြည်း | ၈၁၄၉၉ |
| (၂) | တင်ထွန်းဦး | ကြည်း | ၈၁၅၀၀ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်
စစ်ရာထူးခန့်ချုပ်
စစ်ရာထူးခန့်ချုပ်ရုံး

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၆၄/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ကျိုက်မရောမြို့နယ်၊ ရေတွင်းကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် (၅၈၆/၄ကျ်ကြီးတောင်ကွင်း)၊ ဦးပိုင်အမှတ် ($N_{၁၁၄}$) ရှိ **မြေဧရိယာ ၁.၀၀ ဧက** အား **မင်္ဂလာဥယျာဉ်ကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၃၂ နှင့်အညီ အခွန်လွတ် သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၆၅/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်)

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ကလီထော်အနောက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် (၉၆၃/ ကျောက္ကဒင်ကွင်း)၊ ဦးပိုင်အမှတ် (၇၉/က)ရှိ **မြေဧရိယာ ၈၁.၁၀ ဧက** အား **ပညာဘူမိတက္ကသိုလ်နှင့် ဓမ္မဝိနယစင်တာ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

ကျော်ကျော်ထွန်း
ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်)

အမှတ် ၁။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်) ၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်စွဲပါ စာအမှတ်၊ ၈၅၉/၁၁-၁-၁ အမ (စီမံ-၂) ဖြင့် ခန့်ထားသည့်မကွေးမြို့၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးမှ ဦးစီးအရာရှိ (မြို့ပြ) ဦးဟန်ဇော်ဇော် အား လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တွင် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့ နံနက်ပိုင်းမှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ခင်ဇော်-၂
ညွှန်ကြားရေးမှူးချုပ်
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)

## သစ်တောဦးစီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၅၈၈/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်)

သစ်တောဦးစီးဌာန၊ ရေဝတီတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူး ဦးသန့်ဇော်ဦး (FD 00050) အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် (၈၁) အရ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုလိုက်သည်။ အဆိုပါခွင့်ကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာ သောင်းနိုင်ဦး
ညွှန်ကြားရေးမှူးချုပ်
သစ်တောဦးစီးဌာန

## အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၁၁၆-က/ ၂၀၂၅)

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်)

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်စွဲပါ စာအမှတ်၊ ၂(၁)/ ၁၈ (၁၈၉၁/ ၂၀၂၅) အရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံးမှ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုလိုက်သည့် အောက်ဖော်ပြပါ ဦးစီးအရာရှိ (၂) ဦးတို့အား အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ လုပ်ငန်းတာဝန်များကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်-

| စဉ် | အမည် | ရာထူး | မှတ်ချက် |
|---|---|---|---|
| ၁ | ဦးနေဝင်းလှိုင် | ဦးစီးအရာရှိ | |
| ၂ | ဦးသက်ဦးမောင် | ဦးစီးအရာရှိ | |

အောင်သူ
ညွှန်ကြားရေးမှူးချုပ်
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

## အဆင့်မြင့်ပညာဦးစီးဌာန

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်)

အမှတ် ၉၁၉။ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်များ၏ ကွန်ပျူတာသိပ္ပံပညာဌာနမှ အောက်ဖော်ပြပါ ပါမောက္ခများအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ တက္ကသိုလ်များ၏ ကွန်ပျူတာသိပ္ပံပညာဌာနသို့ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိတက္ကသိုလ် | ပြောင်းရွှေ့ခန့်ထားသည့် တက္ကသိုလ် |
|---|---|---|---|
| ၁။ | ဒေါက်တာ မြတ်စုလှိုင် | ဒဂုံတက္ကသိုလ် | ရတနာပုံတက္ကသိုလ် |
| ၂။ | ဒေါက်တာ ရီရီအောင် | ရန်ကုန်တက္ကသိုလ် | မန္တလေးတက္ကသိုလ် |

သက်ဆိုင်ရာပုဂ္ဂိုလ်များသည် အမိန့်ကြော်ငြာစာ ထွက်ရှိသည့်နေ့မှ (၁၄) ရက်အတွင်း တာဝန်ကျရာ တက္ကသိုလ်သို့ သွားရောက်တာဝန်ထမ်းဆောင်ရန်ဖြစ်ပါသည်။

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်)

အမှတ် ၉၄၇။ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၂၅) အစီအစဉ် ၄ (ဃ-၃) ၌ သဘောတူဆုံးဖြတ်ချက်အရ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ ဥပဒေပညာဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာ တင်ဌေးအိ အား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အမှတ် ၉၅၃။ ၈-၉-၂၀၂၅ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၂၅) အစီအစဉ် ၄ (ဃ-၂) ၌ သဘောတူဆုံးဖြတ်ချက်အရ ရတနာပုံတက္ကသိုလ်၊ ရက္ခဗေဒဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာ ခင်ပုလဲ အား ၂၄-၉-၂၀၂၅ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးမည့် ၂၄-၁-၂၀၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်)

အမှတ် ၉၅၇။ ၈-၉-၂၀၂၅ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၂၅) အစီအစဉ် ၄ (ဃ-၄) ၌ သဘောတူဆုံးဖြတ်ချက်အရ ပုသိမ်တက္ကသိုလ်၊ ဘူမိဗေဒဌာနမှ ပါမောက္ခ ဒေါက်တာ ဒေါ်ရင်မြ အား ၁-၁၀-၂၀၂၅ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးမည့် ၁-၂-၂၀၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာ သန်းဇော်ဦး
ညွှန်ကြားရေးမှူးချုပ်
အဆင့်မြင့်ပညာဦးစီးဌာန

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက် (၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**UKW Geotechnic Co.,Ltd**

မြန်မာနိုင်ငံလူမှုခွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၄၇၊ ပုဒ်မ ၁၅၂

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၃၄၅၊ ပုဒ်မ ၂၅၀ တို့အရ

ကုမ္ပဏီကို အစုရှယ်ယာရှင်များ ဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာခြင်း

၁။ **UKW Geotechnic Co.,Ltd** ကို အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းရန် (၂၉–၉–၂၀၂၅) ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိန်ကျော်ဝင်း (B.Com, CPA)၊ အမှတ် (၁၇၈)၊ မီနီကွန်ဒို၊ မြေညီထပ် (ဘီ)၊ တကောင်း (၅) လမ်း၊ (၅) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ အဖြစ် ခန့်ထားရန်ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၆–၁၁–၂၀၂၅) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးခိုင်ဝင်း
မန်နေးဂျင်းဒါရိုက်တာ
UKW Geotechnic Co.,Ltd
၏ ဒါရိုက်တာအဖွဲ့ကိုယ်စား

ဦးစိန်ကျော်ဝင်း
B.Com, CPA
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း– ၀၉–၅၁၂၅၉၈၅

## မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ (၂၀၁၇) ပုဒ်မ ၅၈ (ခ) အရ အစုရှယ်ယာများဖြင့် ကန့်သတ်ထားသည့် အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီမှ အစုရှယ်ယာများဖြင့် ကန့်သတ်ထားသည့် အများနှင့် မသက်ဆိုင်သည့် ကုမ္ပဏီသို့ ပြောင်းလဲမည်ဖြစ်ကြောင်း ကြေညာခြင်း

ကျွန်တော်များ **M G G E PUBLIC COMPANY LIMITED (အများနှင့် သက်ဆိုင်သောကုမ္ပဏီ)** ၏ ၉-၉-၂၀၂၅ ရက်နေ့တွင်ကျင်းပသော ရှယ်ယာရှင်များနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၏ အထူးအစည်းအဝေးမှ ကုမ္ပဏီအား (အစုရှယ်ယာများဖြင့် ကန့်သတ်ထားသည့် အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီ) မှ (အစုရှယ်ယာများဖြင့် ကန့်သတ်ထားသည့် အများနှင့် မသက်ဆိုင်သည့် ကုမ္ပဏီ) သို့ ပြောင်းလဲမည်ဖြစ်ကြောင်း ကုမ္ပဏီ၏ အမည်ကိုလည်း **M G G E COMPANY LIMITED** သို့ ပြောင်းလဲပြင်ဆင်ရန်နှင့် ကုမ္ပဏီ၏ ဖွဲ့စည်းပုံစည်းမျဉ်းကိုလည်း မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) အရ သတ်မှတ်ဖော်ပြထားသည့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပုံစံကို ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ရှယ်ယာရှင်များနှင့် ဒါရိုက်တာအဖွဲ့ဝင်များမှ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

အဆိုပါ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ ကုမ္ပဏီအမျိုးအစားပြောင်းလဲခြင်း သတ်မှတ်ပုံစံကိုလည်း မှတ်ပုံတင်အရာရှိထံသို့ တင်ပြခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အစုရှယ်ယာများဖြင့် ကန့်သတ်ထားသည့် အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီမှ အစုရှယ်ယာများဖြင့် ကန့်သတ်ထားသည့် အများနှင့် မသက်ဆိုင်သည့်ကုမ္ပဏီသို့ ပြောင်းလဲရန်အတွက် ကန့်ကွက်လိုသူရှိပါက အောက်ဖော်ပြပါ ကုမ္ပဏီ၏ ရုံးခန်းလိပ်စာသို့ ဆက်သွယ်ပြီး ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**M G G E PUBLIC COMPANY LIMITED**
အမှတ် - ၄၂ (အေ)၊ ပါရမီလမ်း၊ ပါရမီအိမ်ရာ၊
လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၀၉ ၄၄၃၁၁၈၉၄၇၊ ၀၁-၆၅၄၀၂၄
email:2012mgge@gmail.com

ပ၊ ထ၊ န - အမှတ် ၆၃၅/၂၄/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ - ၁၂၀၀/ ၂၄-၁၀-၂၀၂၅။